BURMA PARTNERSHIP

မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ

Strengthening Cooperation for a Free Burma

# မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲများအား ဆန့်ကျင်သပိတ်မှောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ သွေးစည်းညီညွတ်ရေး လှုပ်ရှားမှု

## ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ နိုဝင်ဘာလ ၆ ရက်နေ့အထိ

ရွေးကောက်ပွဲများအား ဆန့်ကျင်သပိတ်မှောက်ရေးအတွက် ပြည်သူလူထုထောက်ခံမှုသည် မြန်မာနိုင်ငံအတွင်း၌ တဟုန်ထိုး မြင့်တက်လျက်ရှိပါသည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲများမတိုင်ခင် နှစ်ပတ်တာ ကာလသည် နယ်စပ် အခြေစိုက် အဖွဲ့အစည်းများ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၊ ပြည်ပရောက် မြန်မာအဖွဲ့အစည်းများ နှင့် မြန်မာပြည်သူများနှင့်ထပ်တူ သွေးစည်းညီညွတ်စွာ မြန်မာပြည် ဒီမိုကရေစီရေးအတွက် လုပ်ဆောင်နေသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအတွက် စစ်အစိုးရ၏ ရွေးကောက်ပွဲများကိုဆန့်ကျင်ရန်နှင့် မြန်မာပြည်သူများအား ထောက်ခံမှုကိုပြသရန် အထူးအရေးကြီးသော အချိန်ကာလဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအား နိုင်ငံအစိုးရများမှ အသိအမှတ်မပြုရန်အတွက် ဆက်လက်ဖိအားပေးရန် အင်မတန်အရေးကြီးသော ကာလလည်းဖြစ်ပါသည်။

### ဦးတည်ချက်

မြန်မာပြည်သူများ ရွေးကောက်ပွဲများကို ဆန့်ကျင်သပိတ်မှောက်ရာတွင် မိမိတို့၏စုစည်းညီညွတ်သည့် အားပေးထောက်ခံမှုကို ပြသရန်။ ထိုသို့လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့် သတင်းဌာနနှင့် သတင်း လမ်းကြောင်း အမျိုးမျိုးတို့မှတဆင့် မြန်မာနိုင်ငံအတွင်းသို့ ဖန်တီးမှုအမျိုးမျိုးနှင့် စိတ်ဝင်စားစရာ သတင်းအမျိုးမျိုးကို ပေးပို့နိုင်ရန်ကြိုးပမ်းမည်ဖြစ်သည်။ ထိုသတင်းအချက်အလက်များအား YouTube, Flickr, Facebook, and Twitter စသည့် လူမှုဆက်သွယ်ရေး ကွန်ယက်များမှတဆင့်လည်း ဖြန့်ဝေသွားမည် ဖြစ်သည့်အပြင် မိမိတို့ Burma Partnership အဖွဲ့၏ အင်တာနက်စာမျက်နှာတွင်ရှိသော သီးသန့်သတင်း စာမျက်နှာတွင် စုစည်းတင်ပြ ထားမည်ဖြစ်ပါသည်။

**မြန်မာစစ်အစိုးရမှ ပြုလုပ်မည့် ရွေးကောက်ပွဲများအား ရှုံ့ချကန့်ကွက်ရန်နှင့် ရွေးကောက်ပွဲရလဒ်များအား အသိအမှတ်မပြုရန် နိုင်ငံတကာ အစိုးရများအား ဖိအားပေးရန်။ ရွေးကောက်ပွဲများပြီးဆုံးသည်နှင့်တပြိုင်နက် သွေးစည်းညီညွတ်မှုကိုပြသသော လှုပ်ရှားမှုများနှင့်အတူ အဖွဲ့အစည်းများအနေနှင့် သက်ဆိုင်ရာအစိုးရများထံ အိတ်ဖွင့်ပေးစာများ ပေးပို့ကာ ရွေးကောက်ပွဲများအား ဆန့်ကျင်ရှုံ့ချရန် ရွေးကောက်ပွဲရလဒ်များအား အသိအမှတ်မပြုရန် တိုက်တွန်းဖိအားပေးနိုင်ပါသည်။ ပုဂ္ဂိုလ်တဦးချင်းအနေနှင့်လည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရများထံ စာများပေးပို့တိုက်တွန်း ဖိအားပေးနိုင်ပါသည်။**

### လုပ်ဆောင်ချက်များ

ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ သွေးစည်းညီညွတ်ရေးအဖွဲ့များအနေနှင့်လည်း သတင်းလောကမှသတိပြုမိစေရန်နှင့် ရွေးကောက်ပွဲများနှင့်ပတ်သက်သော အချက်အလက်များအား လူထုမှသိရှိလာနိုင်စေရန်ရည်ရွယ်ပြီး မိမိတို့နှင့်သက်ဆိုင်ရာ ဒေသ နိုင်ငံများတွင် ဆန္ဒပြပွဲများနှင့် လှုပ်ရှားမှုများအား လှုံ့ဆော်လုပ်ဆောင်နိုင်ကြပါသည်။ ထိုလှုပ်ရှားမှုများသည် မြန်မာပြည်တွင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲများအားပြည်သူလူထုမှ ဆန့်ကျင်ကန့်ကွက်သည်ကို ထောက်ခံအားပေးကြောင်း မြင်သာထင်သာရှိသည့် သတင်းပေးပို့ချက်မျိုး ဖြစ်သင့်ပါသည်။ အောက်ဖော်ပြပါတို့သည် ဖြစ်နိုင်ခြေနမူနာများဖြစ်ပါသည်

-နအဖစစ်အစိုးရ သံရုံးရှေ့တွင် ဆန္ဒပြပွဲများပြုလုပ်ခြင်း

-ဆိုင်းဘုတ်များတွင် 'သင်တို့၏သပိတ်မှောက်ခွင့်ကို မိမိတို့ထောက်ခံပါသည်' ဟုရေးသားကိုင်ဆောင်ခြင်း

- Burma Partnership and Kestrel Media တို့မှ ပူးပေါင်းထုတ်လုပ် ထားပြီး မကြာမီထွက်ရှိတော့မည်ဖြစ်သည့် 'ဒါ ဒီမိုကရေစီ မဟုတ်ပါ' ဟုအမည်ပေးထားသော သတင်းမှတ်တမ်းအားပြသခြင်း

-ထောက်ခံသူများထံမှ စာများသို့မဟုတ် ဗီဒီယိုမှတ်တမ်းများကောက်ခံရယူခြင်း

-လူသွားလမ်း (ပလက်ဖောင်း) များတွင် မြေဖြူဖြင့်စာများရေးသားခြင်း

-လူစည်ကားရာလမ်းများပေါ်တွင် တင်ဆက်မှုများပြုလုပ်ခြင်း

-နိုင်ငံရေးနှင့်ပတ်သက်သည့် စင်မြင့်ဆွေးနွေးတင်ဆက်မှုများပြုလုပ်ခြင်း

-ကြက်သွေးရောင်အား အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုတခုလုံးအား ဆက်စပ်မြင်ယောင်နိုင်စေရန်အတွက် လှုပ်ရှားမှု အရောင်အဖြစ် ရွေးချယ်ခြင်း

Burma Partnership အနေဖြင့် မြန်မာပြည်တွင်းလှုပ်ရှားမှုများအား ထုတ်လွှင့်ပြသပေးခြင်းအားဖြင့် ထောက်ခံကြောင်း ပြသရန် သတင်းဌာနများအား ထိစပ်ဆက်သွယ်ထားပြီးဖြစ်ပါသည်။ သတင်းအချက်အလက် ထုတ်လွှင့်မှုများတွင် ဆန္ဒပြပွဲများအား ဗီဒီယိုထုတ်လွှင့်ခြင်း၊ စင်မြင့်ဆွေးနွေးတင်ဆက်မှုများ ပြုလုပ်ခြင်းနှင့် အခြားပုံစံများနှင့် တင်ပြခြင်း ထောက်ခံသူများထံမှ သတင်းအချက်အလက်များအား ဆလိုက်ရှိုးဖြင့်ပြသခြင်း စသည်တို့ပါဝင်ပါသည်။

**လိုအပ်မည့်ပစ္စည်းများ**

-လက်ကမ်းစာစောင် မူကြမ်းပုံစံ

-အစိုးရများထံပေးပို့မည့် စာမူကြမ်း

-လှုပ်ရှားမှုဇယား
(မည်သည့်ပစ္စည်းပေါ်တွင်မဆို သုံးနိုင်မည်)

-ပိုစတာ
(ရွေးကောက်ပွဲအစစ်ကိုသာလိုပါသည်၊ စစ်တပ်ရွေးချယ်မှုကို မလိုချင်ပါ)

-သတင်းထုတ်ပြန်ချက် မူကြမ်းပုံစံ

-ဆွေးနွေး တင်ပြမည့်အချက်များ

အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာ www.burmapartnership.org/boycott-solidarity-actions/ တွင်လည်း လှုပ်ရှားမှုများ လုပ်ငန်းစဉ်များအားဖော်ပြထားသည့် ပြက္ခဒိန်တခုအား ဖော်ပြထားပါသည်။ လှုပ်ရှားမှုများလုပ်ဆောင်ရန် စီစဉ်ထားပြီးသည်များရှိပါက မိမိတို့အား info@burmapartnership.org တွင် အမြန်ဆုံးအကြောင်းကြားပေးပါရန်နှင့် ထိုသို့အကြောင်းကြားမှသာ မိမိတို့အနေဖြင့် တရက်တွင် လှုပ်ရှားမှုတခု လုပ်ဆောင်နိုင်ရန် စီစဉ်နိုင်မည်ဖြစ်ပါသည်။ လိုအပ်မည့် ပစ္စည်းများအား အောက်တိုဘာလ ၈ ရက်နေ့နောက်ဆုံးထားပြီး www.burmapartnership.org တွင် ရယူနိုင်မည်ဖြစ်သည်။